# မောင်ရဲသူ (ရန်ကုန်တက္ကသိုလ်) ၏

# ကျေးဇူးသိတတ်သူများ နှင့်

## (အခြားပုံပြင်များ)



# ကျေးဇူးသိတတ်သူများ

မောင်ရဲသူ(ရန်ကုန် တက္ကသိုလ်)




တစ်ခါက တံငါသည်ရွာကြီးမှာ ဖိုးကျား ဆိုတဲ့ သားတစ်ယောက် ရှိသတဲ့ .. .. ..
သူ့အမေ ဆုံးသွားတော့ ဖခင်ဖြစ်သူက မိန်းမ ထပ်ယူလိုက်လို့ မိထွေး ဖြစ်သူနဲ့နေရတယ် ..


ဖခင် ငါးဖမ်းရာကပြန်လာရင် ပါလာတဲ့ငါးတွေကို မိထွေးက ဖိုးကျားကိုရွာထဲရောင်းခိုင်းတယ်
ပြန်လာရင် ဈေးရတဲ့ ပိုက်ဆံ အားလုံး အပ်ရတယ် ။
ပြီးတော့ ရေခပ် ထင်းခွဲ စတဲ့အိမ်အလုပ် အားလုံးဆက်ခိုင်းတယ်


ဖိုးကျားက ဒီလောက်
လုပ်ပေးနေတာတောင်
မိထွေးဖြစ်သူက သူ့ကို
ကြည့်လို့ မရဘူး..
ဘာကြောင့်လဲ ဆိုတော့
ဖိုးကျားဟာ သူ့တစ်ပါး
အပေါ်သနားတတ်လို့ပဲ
တစ်နေ့မှာ ဖိုးကျားဟာ
ရွာထငါးလျှောက်ရောင်းရင်း
ရွာအပြင်ကိုရောက်လာတယ်


အဲဒီမှာ အစာမစားရလို့ လဲကျနေတဲ့ မြေခွေး တစ်ကောင်ကိုတွေ့တယ်
ဒါနဲ့ သနားပြီး သူ့မှာပါတဲ့ ငါးတောင်းထဲက ငါးတစ်ကောင် ချကျွေးလိုက်တာပေါ့ ..
ဒီအခါ မြေခွေးလည်း အာသာနဲ့ စားရင်း အငမ်းမရဖြစ်လာတယ်


ပြီးတော့ တောင်းထဲက
ငါးတွေထည့်ချိပြီးတောထဲ
ဝင်ပြေးသွားတော့တယ်
အိမ်ပြန်ရောက်တော့ ပိုက်ဆံ
ရတာနည်းလို့မိထွေးဖြစ်သူက
ဆူငေါက်ပြီး မေးတာပေါ့..
မိအငါ် ဖိုးကျားက
အဖြစ်မှန်ရှင်းပြလို့
စိတ်တိုပြီး ဖိုးကျားကို
ဆဲချလိုက်တယ်..


ဖိုးကျွားလည်း စိတ်သစ်သစ်နဲ့
ထွက်လာပြီး ရွာအပြင်ဘက်
ကိုရောက်လာခဲ့တာပေါ့ ..
ရွာအစွန်တောစပ်အနားက
ဇရပ်ပျက်နားရောက်တော့
မောလို့ထိုင်နေလိုက်တယ်။
ဒီအချိန်မှာ ဇရပ်
နားကိုအသားကား
ပါးကွက်သားနှစ်ဦး
အထုပ်တစ်ထုပ်ဆွဲပြီး
ရောက်လာသတဲ့ ..


ဘာ အတွက်ပါလဲခင်ဗျာ စားစရာဆိုရင် ပေးခဲ့ ပါလား မှတ်ခဲ့တာလို့ပါ
စားစရာ မဟုတ်ဘူး ကြောင်တစ်ကောင်ကို မြေလှာမြှုပ်တာကွ
ကြောင်က သေသွားလို့လား


သောလို့ မဟုတ်ဘူး ဘုရင့်ပွဲတော်အုပ် ခိုးစားတဲ့ကြောင်မို့ တောစပ်မှာသတ်ပြီး မြှုပ်မလို့..
ဒါဆိုရင်လဲ ကျွန်တော် မြှုပ်ပေးပါမယ် အထုပ် ထားခဲ့လိုက်ပါ..
ဒါဆိုရင် မြှုပ်ခဲ့ အသပြာတစ်ပြားယူ သေသေချာချာတော့ မြှုပ်ပေးကွာ..


အာကာ ပါးကွက်သား နှစ်ယောက် လှည်းနောင် တောမှာမို့ အထုပ်ကို ထားခဲ့ပြီး ပြန်သွားတယ်
ဒါနဲ့ ဖိုးကျွားလှည်း အထုပ်ကို ဖွင့်ကြည့် လိုက်တော့ကြောင် တစ်ကောင်ကိုတွေ့လိုက် ရသတဲ့။။ ။။ ။။
အင်း သနားစရာပဲ မင်းလှည်းဆာလောင် နေမှာပဲ ဒါပေမယ့် ငါ့မှာဘာမှမပါဘူးကွ


အသပြာတစ်ပြားတော့ ငါ့မှာရှိတယ် အခု မိုးချုပ်နေတော့ မနက်ကျမှ စားစရာအသည်တွေကို ငါဝယ်ကျွေးပါ့မယ်..
ဒါနဲ့ မိုးချုပ်တော့သူတို့ ဇရပ်မှာအိပ်ပျော်သွားတယ်
ညရောက်တော့ မြေခွေးပါးဝတော့ထံက အစာရှာထွက်လာတယ်


မြေခွေးဟာ သားကောင်နဲ့ ရလို့ ဇရပ်ပေါ်တက်လာတော့ လူတစ်ယောက်နဲ့ကြောင် အိပ်နေတာကိုတွေ့ရတယ်
မြေခွေးဟာ ကြောင်ကို စားမလို့လုပ်တုန်း လူအခန့်ကိုရလိုက်တယ်
ဒီလူအခန့်ကို ငါသိပါတယ်..တစ်ခါက ငါအစာငတ်ပြီး လဲနေတုန်း ငါးတွေချကျွေးခဲ့တဲ့ ငါ့ကျေးဇူးရှင် ပဲ..


ဒီကြောင်က ငါ့ကျေးဇူးရှင်ရဲ့ ကြောင်ပဲဖြစ်ရမယ် မဖြစ်ဘူး မစားဘဲ လွှတ်ပြန်မှ..
ဒီအချိန်မှာကြောင်က နိုးလာပြီး မြေခွေးကို တွေ့လို့လန့်သွားတယ်
မလန့်ပါနဲ့ ခင်ဗျား ဘေးကလူဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ပါ ဒါကြောင့် ကျုပ် ဘာကူညီရမလဲ


ဒါဆိုရင် ကျုပ်ရော ကျုပ်သခင်ပါ ဗိုက်ဆာ နေတာလျှ ဒါကြောင့် တစ်ခုခုကျွေးပါလား
ဒါနဲ့ မြေခွေးလည်း ရုပ်ပေါ်ကြသင်းပြီး တောထဲပြန်သွားတယ်
ခဏကြာတော့ ကြောင်အတွက် စားစရာတစ်ချို့နဲ့ ဖိုးကျားအတွက် အသီးတစ်ခိုင်လာချပေးသွားတယ်


မနက်မိုးလင်းလို့
ဖိုးကျားအိပ်ရာက
နိုးတော့သူ့ဘေးမှာ
စားစရာတွေတွေ့လို့
ဆာဆာနဲ့စားတာပေါ့!
ကြောင်ကိုလည်းအစာဝလို့
သူ့အနားမှာတွေ့ရတယ်
ဒါနဲ့ ဖိုးကျားလည်း
စားစရာတွေဘယ်ကို
ရောက်လာသလဲ
စဉ်းစားနေမိတယ်